မဟာပဋ္ဌာန်း ဝတ်ရွတ်စဉ်

(ဆဋ္ဌသံဂါယနာတင်မူတော်)

ပစ္စယုဒ္ဒေသ-ပစ္စယနိဒ္ဒေသ-ပုစ္ဆာဝါရ

မဟာပဋ္ဌာန်းပါဠိတော်

# ရွှေတိဂုံ-မဟာပဋ္ဌာန်း

ရေးဦးစီးဌာန
ကြည့်တိုက်
ရန်ကုန်
SEAL OF SHWEDAGON PAGODA
ရန်ကုန်မြို့

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
ရွှေတိဂုံစေတီတော်၊ ဒဂုံတိုက်၊ ရန်ကုန်မြို့။

၁၃၄၁ – (သာသနာ-၂၅၂၃) – ၁၉၈၀

H 681—1 [ဟံသာဝတီ]

ပူဇော်၍ အခမ်းအနားကြီးကို ဖွင့်တော်မူကြပါသည်၊ ထိုမဟာပဋ္ဌာန်း ဖွင့်ပွဲအခမ်းအနားကြီး၌ ပရိသတ်လေးပါးတို့အား အလွယ်တကူ လှူဒါန်းနိုင်ရန်နှင့် ဓမ္မပူဇာ ရွတ်ဖတ်ပူဇော်လိုသူတို့ အလွယ်တကူ ဓမ္မဒါနပြုနိုင်ပါစေရန် ဤ ရွှေတိဂုံ–မဟာပဋ္ဌာန်းကျမ်းကို ယခုနှစ်(၁၃၄၁–ခုနှစ်)တွင် သီးသန့်စီစဉ်လိုက်ပါသည်။

၈။ ဤ ရွှေတိဂုံ–မဟာပဋ္ဌာန်းကျမ်းတွင် ပစ္စယုဒ္ဒေသ,ပစ္စယနိဒ္ဒေသ တို့အပြင် ၂၄–ပစ္စည်းတို့၏ ပုစ္ဆာဝါရ အနုလုံ–ပစ္စနိက်တို့ကို အလွယ်တကူ ရွတ်ဖတ်ပူဇော်နိုင်ပါစေရန် မဟာပဋ္ဌာန်းပုစ္ဆာဝါရ နမူနာ ၇–ပိုဒ်ကိုပါ ထည့်သွင်းစီစဉ်လိုက်ပါသည်၊ ဤ ရွှေတိဂုံ–မဟာပဋ္ဌာန်းစာအုပ်သည် "မဟာပဋ္ဌာန်းဝတ်ရွတ်စဉ်"တခုအဖြစ် စနစ်တကျ တည်တွန်းရစ် ပါစေရန်ကိုလည်း ရည်သန်ပါသည်၊ ထို့ကြောင့် မဟာပဋ္ဌာန်းဝတ်ရွတ်စဉ် အင်္ဂါညီညွတ်ပါစေရန် ကျေးဇူးရှင်လယ်တီဆရာတော်, ဒီပဲရင်းဆရာတော်, ဝိသုဒ္ဓါရုံဆရာတော်တို့နှင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးစသော စာပေပညာရှင်ကြီးတို့၏ ဂန္ထဝင်စာစဉ်တို့ဖြင့် ရှေ့နောက်တန်ဆာဆင်၍ စီစဉ်ထုတ်ဝေလိုက်ပါသတည်း။

ရွှေတိဂုံစေတီတော်–ဂေါပကအဖွဲ့
(၁၃၄၁–ခုနှစ်၊ တပေါင်းလပြည့်)
၂၉–၂–၈၀

